# ခါချဉ်ကွင်းကျေးရွာ

အမတ်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ် လ၊ ၂၀၁၈ ခုနှစ်

## မာတိကာ


မာတိကာ

ခါချဉ်ကွင်းကျေးရွာ သယံဇာတပြမြေပုံ

ခါချဉ်ကွင်းကျေးရွာ ရာသီခွင်ပြမြေပုံ

ခါချဉ်ကွင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအမည်အရင်း

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

# အမတ်ကျေးရွာအုပ်စု၊ ခါချဉ်ကွင်းကျေးရွာ သယံဇာတပြ မြေပုံ



# အမတ်ကျေးရွာအုပ်စု၊ ခါးချဉ်ကွင်းကျေး ရာသီခွင်ပြ မြေပုံ

ခါးချဉ်ကွင်းကျေး ရွာ

## ကျေးရွာရာသီခွင်ပြဇယား

| အကြောင်းအရာ | တန်းခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | မရှိ | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | မရှိ |
| မိသားစုဝင်ငွေ | မရှိ | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | မရှိ |
| အသုံးစရိတ် | နည်း | နည်း | ရှိ | များ | များ | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ |
| ဝမ်းစာဖူလုံမှု | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း |
| သောက်သုံးရေရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | နည်း |
| တိရစ္ဆာန်အစာရရှိမှု | နည်း | ရှိ | ရှိ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ | ရှိ | နည်း | နည်း |
| တိရစ္ဆာန်ရောဂါကျရောက်မှု | ရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | မရှိ | ရှိ | ရှိ |
| ကျန်းမာရေးအခြေအနေ | ရှိ | ရှိ | မရှိ | ရှိ | မရှိ | တုပ်ကွေး | မရှိ | မရှိ | ရှိ | ရှိ | ရှိ | ရှိ |
| သီးနှံပိုးမွှားကျရောက်မှု | မရှိ | မရှိ | မရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်းပွဲ | မရှိ | သင်္ကန်းကပ် | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန် | မရှိ | မရှိ | ရှိ | ဂုဏ်ပြု |
| သဘာဝအန္တရာယ်ကျရောက်မှု | မိုးခေါင် | မုန်တိုင်းငယ် | မိုးအေး လေအေး | မိုး/လေအေး | မိုး/လေအေး | မိုး/လေ | လေအေး | မိုးအေး | မိုးအေး | မရှိ | မရှိ | မုန်တိုင်း |
| ရာသီဥတု | ပူပြင်း | ပူပြင်း | အေး | အေး | အေး | အေး | အေး | ပူ | ပူ | အေး | ပူ | ပူ |

## ခါချဉ်ကွင်းကျေးရွာ အဖွဲ့အစည်းပြ မြေပုံ (Venn Diagram)



## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ခါချဉ်ကွင်းကျေးရွာသည် ဧရာဝတီတိုင်း၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် အမတ်ကျေးရွာအုပ်စုတွင်တည်ရှိသည်။ ကျေးရွာသည် လပွတ္တာမြို့နှင်ရေမိုင်(၁၅ ) မိုင်းဝေးကွာပါသည်။ ကျေးရွာဘေးပတ်ပတ်လည်တွင် မြစ်ချောင်းများ ဝိုင်းရံထားပါသည်။ ကုန်းလမ်းကြောင်းအသုံးမပြုပါ ရေလမ်းကြောင်းဖြင့်သာ သွားရေသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ချောင်းရှိပြီး ချောင်းတဖက်တွင် ရေတွင်းကုန်း ကျေးရွာရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ချောင်းရှိပြီး ချောင်းတဖက်တွင် ရွာသစ်ကျေးရွာ ရှိပြီး အနောက်ဘက် တွင် ဖုန်းဆိုးကွင်းကျေးရွာနှင့် ဆက်သွယ်သောလမ်းရှိပြီး ၎င်းလမ်း ပေါ်တွင် (၁၃၀ပေ) ကျယ်သော ချောင်းအား ဝါးတံတားလေးဖြင့် ဆက်သွယ်ထားပါသည်။ မြောက်ဘက်တွင် အုပ်စုကျေးရွာ ဖြစ်သော အမတ်ကျေးရွာ ဖြစ်ပါသည်။ မြစ်ခြားထား၍ ရေလမ်းဖြင့်သာ သွားရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိ တောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည်။ လယ်ယာ မြေများမှ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ရေကြီးရေလျှံဖြစ်သည့်အခါတိုင်း မြစ်ရေတိုက်စားခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးရပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း(၁၀၈)ရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ နွေစပါးမှာ ဆားငန်ရည်ဝင် ရောက် ခြင်းကြောင့် စိုက်ပျိုးလို့မရပါ။

## ၃။ ကျေးရွာရှိ ကလေးအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြသောဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့တို့မှာ ဆောင်ရွက်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ လူငယ်အဖွဲ့၊

ပြည်သူ့စစ်အဖွဲ့တို့ကိုလည်းဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေး နာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက် သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် (UNDP) အဖွဲ့ အစည်း နှင့် သမ အဖွဲ့အစည်းများ ရှိပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပါသည်။ စိုက်ဧကအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် နွေစပါး ဆာငန်းရည်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုး၍မရပါ။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ဧက ပျှမ်းမျှတင်း(၄၀) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်း အနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းလုပ် ကိုင်သော အိမ်ထောင်စုများလည်း ရှိကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းနည်းပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်နေသူများ လည်းရှိကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား ကြပါသည်။ အဆိုပါကျောင်းဆောင်တွင် မူလတန်းမှ ၇တန်း ပညာထိ (၂၀)ပေခန်း (၃)ခန်းသာရှိသော ကျောင်းဆောင်အတွင်းသာ ပညာသင်ကြားရ သော ကြောင့် ကျောင်းသားများအတွက် အခက်အခဲရှိပါသည်။ ကျောင်းဆောင်တွင် အမိုးနံရံများမှာ ယိုယွင်းနေပါသည်။ ကျေးရွာတွင် ပညာအမွေကို လက်ဆင့်ကမ်း သင်ကြားပေးနေသော ဆရာ/မ (၇)ယောက်ရှိပြီး ကျေးရွာတွင် မူလွန်အဆင့်သာရှိပြီးကျောင်းဆောင်(၁) ဆောင်သာ ရှိသောကြောင့် မူကြိုကလေးများအတွက် မူကြိုကျောင်းဆောင်သစ်ဆောက် လုပ်ပေမည်ဆို

ပါက ကလေးများအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ လယ်တန်းပညာရေးကို ရေမိုင်(၃)ဝေးသော အမတ်ကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ အထက်တန်းပညာရေးကို ရေမိုင်(၇)မိုင်ဝေးသော လပွတ္တာမြို့သို့ သွားရောက်ပညာသင်ကြားရပါသည်။ ပုသိမ်တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရသည်မှာအခက်အခဲများရှိပါသည်။ ကျေးရွာသည် မြစ်ဘေးကျေးရွာဖြစ်သည့်အတွက် လှေနှင့်စက်တပ်လှေများကိုသာ အဓိကသုံးရပြီး ၎င်းလှေများစိုက်ကပ်ရန် ဆိပ်ကမ်းတံတားခိုင်ခိုင်မာမာမရှိပါသဖြင့် ခရီးသည်များ လှေအဆင်းအတက်အခက်အခဲရှိလှပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာအား ဆိပ်ကမ်းကပ်တံတား ဆောက်လုပ်ပေးမည်ဆိုပါက ကျေးရွာအတွက်သွားရေးလာရေးပိုမိုအဆင်ပြေပြီး ကျေးရွာဖွံ့ဖြိုးရေးအား အထောက်အကူပြုပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာရှိပြည်သူများသည် အင်တာနက်ဖြင့် ချိတ်ဆက်ပြီး သတင်းအချက်အလက်များကို ဖတ်ရှု သိရှိရသဖြင့် ပြင်ပအသိပညာ ဗဟုသုတများစွာရရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် သမဝါယမဦးစီးဌာနမှ လယ်သမားများနှင့်မွေးမြူရေးသမားများကိုထုတ်ချေးပါသည်။ အဆိုပါငွေချေးခြင်းအား ရေမိုင်(၃)မိုင်ဝေးသောအမတ်ကျေးရွာသို့ သွားရောက်ထုတ်ယူရပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် UNDP အဖွဲ့မှလည်း ၁၄ ရက်လျှင်တစ်ကြိမ် အရင်းအတိုး ပေးဆပ်ခြင်းဖြင့် ထုတ်ချေးပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ သည်အခြားပုဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း(၃ကျပ်မှ ၁၀ကျပ်အထိ ) တိုးယူကြရကြောင်း တွေ့ရပါသည်။

### (င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်းကျောင်းသား/သူပေါင်း (၅၉)ယောက်၊ အလယ်တန်းကျောင်းသား/သူပေါင်း (၃၄)ယောက်၊ အထက်တန်းကျောင်းသား/သူပေါင်း (၂)ယောက်ရှိပါသည်။ ကျေးရွာတွင် မူလွန်ကျောင်းရှိနေခြင်းကြောင့် ရွာထဲရှိပညာသင်ယူနေသော ကျောင်းသား/သူများမှာ အလွန်အဆင် ပြေသော်လည်း အလယ်တန်းပညာရေးမှာ ရေမိုင်(၃)မိုင်ဝေးသော အမတ်ကျေးရွာသို့ စက်လှေများဖြင့်သွားရောက်တက်ရသည့်အတွက် အန္တရာယ်များပြားပြီး အခက်အခဲများစွာရှိပါသည်။ မူလတန်းပညာရေးများသို့သော် အလယ်တန်းသို့ ရောက်သောအခါ တချို့သောမိဘများသည် အလယ်တန်းအထိတောင် ပညာရေး ဆုံးခမ်းတိုင်အောင် မထားကြသည်ကိုတွေ့ရှိရပါသည်။

### (စ) ကျန်းမာရေး

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီ ဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေးဌာနမှ တာဝန်ရှိဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများကို အမတ်ကျေးရွာ ကျန်းမာရေးဌာန(ခွဲ)နှင့် လပတ္တာမြို့မှ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်၍ ဆေးကုသမှု ခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျေးရွာရှိ ကုန်စုံဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်းများ အတွက် အကိုက်အခဲပျောက်ဆေးများ အလွယ်တကူ ရရှိနိုင်ပါသည်။ ကျေးရွာသူ/သားများ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ နည်းကြပါသည်။ ထို့ကြောင့် ၎င်းကျေးရွာအား ကျန်းမာရေးအသိပညာပေးခြင်းများ တစ်ကိုယ်ရည်ကျန်းမာရေးပညာ ပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်သော ကျေးရွာတစ်ရွာဖြစ်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် မြစ်ချောင်းများ ပတ်ပတ်လည်ဝိုင်းရံထားသော ကျေးရွာဖြစ်သောကြောင့် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများပျက်စီးခြင်းနှင့် မြစ်ရေတိုက်စားခြင်းကြောင့် မြေဆီလွှာများဖျက်ဆီးရပါသည်။ ကျေးရွာသူ/ သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထ မရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည် သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

## (ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ် လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်

သေစာသောက်စားခြင်း  အနည်းငယ်မျှသာရှိပါသည်။  ခိုးဆိုးလုယက်  မှုများ  မရှိပါ။  မူလတန်းကျောင်းပညာရေးမှ  တက္ကသိုလ်ပညာရေး  ထိ ကျား/မတန်းတူအခွင့်အရေး  ရှိပါ သည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ဆိပ်ကမ်းကပ်တံတားရရှိရေးစီမံချက် | ၁ |
| ၂ | လျှပ်စစ် | ဆိုလာမီးရရှိရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၃ |
| ၄ | အခြေခံအဆောက်အဦ | ကျောင်းဆောင်သစ်ရရှိရေးစီမံချက် | ၄ |
| ၅ | လူငယ်နှင့် အားကစား | အားကစားကွင်းရရှိရေးစီမံချက် | ၅ |

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • ကျေးရွာမှ ခရီးသယ်များ လှေအတက် အဆင်း ခက်ခဲခြင်း၊ ပစ္စည်းများ အတင်အချ မလွယ်ကူခြင်း | • ဆိပ်ကမ်းကပ်တံတားမှာ ဝါးတံ တား ဖြစ်နေခြင်း တံတားမှာ အကျယ် ကျဉ်းမြောင်းခြင်းကြောင့်၊ ယိုင်နဲ့နေခြင်း | • ကျေးရွာမှ ထည့်ဝင်ငွေအချို့ ပူးပေါင်းပါဝင်နိုင်ခြင်း၊ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း၊ | • ကျေးရွာမှ လုံလောက်သောငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦး စီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာမှ တံတားဖြစ် မြောက်ရေးကော်မတီ အဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာဦး စီးဌာနသို့ တင်ပြခြင်း | • ကမ်းကပ် တံတားအဆင့်မြှင့် တင်ရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – လျှပ်စစ်** | | | | | |
| • မဟာဓာတ်အားလိုင်း နှင့်ဝေကွာနေခြင်း၊ ဆိုလာမီး မရရှိခြင်း | • မြစ်များခြားနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း | • ကျေးရွာမှ လုံလောက်သောငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦး စီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • ကျေးရွာ မီးလင်းရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်း သွားလာ ရန် ခက်ခဲခြင်း | • မြေသားလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက် ထူခြင်းကြောင့် | • ကျေးရွာမှ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း | • ကျေးရွာမှ ငွေကြေးမ တတ်နိုင်ခြင်း၊ ဦးဆောင်ဦးရွက် ဆောင်ရွက်မည့်သူ မရှိခြင်း | • ရွာတွင်းလမ်း အဆင့် မြှင့်တင်ရေး စီမံချက် ရေး ဆွဲဆောင်ရွက်ခြင်း၊ ပြင်ပ အကူအညီရှာဖွေခြင်း၊ ကျေးရွာမှ ငွေအားစု ဆောင်းခြင်း | • ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • ကျောင်းဆောင်မလုံလောက်ခြင်း၊ | • ကျောင်းသားဦးရေများပြားခြင်း<br>• ကျောင်းဆောင်အဦးယိုယွင်းလာခြင်း | • မြေနေရာရှိခြင်း<br>• ငွေကြေးထည့်ဝင်နိုင်ခြင်း<br>• လုပ်အားပါဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေးအလုံအလောက်မတက်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာတင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီအဖွဲ့ဖွဲ့စည်း၍ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျောင်းဆောင်သစ်ရရှိရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ် စေ မည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – လူငယ်နှင့် အားကစား** | | | | | |
| • လူငယ်များ အပန်းဖြေစရာ နေရာ မရှိခြင်း | • အားကစားကွင်း မရှိခြင်း | • လူငယ်များ စိတ်အားထက်သန်မှုရှိခြင်း၊ | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်မရှိခြင်း၊<br>• မြေနေရာမရှိခြင်း | • ပြင်ပမှ ကူညီပေးမည့် အလှူရှင်များနှင့် မြေနေရာအလှူရှင်များ ချိတ်ဆက်တောင်ခံခြင်း | • ကျေးရွာအားကစား ကွင်းရရှိ ရေး စီမံချက် |

# အမတ်ကျေးရွာ၊ ခါချဉ်ကွင်းရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှရွှေ | ဦးဝင်းစိန် | ၁၄/လပတ(နိုင်)၀၂၄၃၇၄ | ၅၄ | ဥက္ကဋ္ဌ | |
| ၂ | ဦးစိုးဦး | ဦးကျင် | ၁၄/လပတ(နိုင်)၀၂၄၁၁၃ | ၄၀ | အတွင်းရေးမှူး | |
| ၃ | ဦးကြည်နိုင် | ဦးဝင်းစိန် | ၁၄/လပတ(နိုင်)၁၁၂၂၅၁ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၁၁၉၃၇၂ |
| ၄ | ဦးကိုဦး | ဦးကုလားကြီး | ၁၄/လပတ(နိုင်)၂၆၉၆၂၄ | ၄၅ | သော့ကိုင်(၁) | - |
| ၅ | ဒေါ်မြင့်မြင့်ဝင်း | ဦးဝင်းစိန် | ၁၄/လပတ(နိုင်)၁၆၀၆၀၃ | ၄၄ | သော့ကိုင်(၂) | ၀၉-၇၈၀၀၂၅၀၅၈ |
| ၆ | ဦးမြင့်ထွေး | ဦးသောင်းမြ | ၁၄/လပတ(နိုင်)၀၁၄၄၄၁ | ၃၉ | စာရင်းကိုင်(၁) | ၀၉-၇၉၄၀၇၂၀၇၂ |
| ၇ | ဦးမောင်ဖော် | ဦးမောင် | ၁၄/လပတ (နိုင်)၁၂၄၀၄၁ | ၅၀ | စာရင်းကိုင်(၂) | ၀၉-၄၂၂၅၆၄၂၆၉ |
| ၈ | ဒေါ်တင်တင်မော် | ဦးရွှေတင် | ၁၄/လပတ (နိုင်)၂၀၄၇၈၈ | ၃၉ | အဖွဲ့ဝင် | ၀၉-၇၉၆၆၂၀၉၂၇ |
| ၉ | ဒေါ်မေဇင်ဦး | ဦးအောင်ထွေး | - | ၃၈ | အဖွဲ့ဝင် | ၀၉-၇၈၈၉၃၁၅၃၈ |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၉ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၄ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၂ | ၅၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၀ | ၂၅ | ၆၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၁ | ၁၉၇ | ၃၇၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၈ | ၁၉ |
| **စုစုပေါင်း** | | **၂၇၈** | **၂၇၅** | **၅၅၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၄၇** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။အမတ်အုပ်စု၊ ခါချဉ်ကွင်းကျေးရွာသည် လူဦးရေ အလွန်များပြားသော ကျေးရွာတစ်ရွာမဟုတ်ပါ။ ခါချဉ်ကွင်းကျေးရွာသည် ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုး ကွယ်သူများဖြစ်ကြပါသည်။ အိမ်ထောင်စု (၁၄၇)စု ၊ လူဦးရေ (၅၅၃)ဦး ရှိပါသည်။ ခါချဉ်ကွင်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၉%)၊ ၅နှစ်အောက် ကလေးငယ် (၄.၅၂%)၊ မူလတန်းကျောင်းသာအရွယ် (၉.၀၄%)၊ အလယ် တန်းကျောင်းသားအရွယ် (၁၁.၇၅%)၊ အလုပ်လုပ်နိုင်သည့်အရွယ် ( ၆၈.၃၅%)၊ အလုပ်မလုပ်နိုင် သည့် သက်ကြီးရွယ်အို (၃.၄၃%) ရှိပါသည်။ ပျမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၁.၆၄%) ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၈၁)ဦး၊ မ (၁၉၇)ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူ လုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၈ | သင့် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| ဓနိတော | ၄ | သင့် | အနည်းအကျဉ်း | ချောင်း |
| **စုစုပေါင်း** | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ခါချဉ်ကွင်းကျေးရွာသည် လယ်မြေ ဧက (၁၀၈)ရှိပြီး ဓနိတောမြေ (၄)ဧကရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းအများဆုံး လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေ ရရှိသူများပြားပါသည်။**

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | မ်ား | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ခါချဉ်ကွင်းကျေးရွာမှ သဲ၊ ကျောက်များမရရှိနိုင်သာ ၎င်းကျေးရွာ သည် ကျောက်သဲများကို လိုအပ်ပါက သဘော်ဖြင့် သယ်ယူရပါသည် အဆိုပါသဲ၊ ကျောက်များကို ကျေးရွာအနီးတွင် အလွယ်တကူ မရရှိနိုင်ပါ။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | မီးသတ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်မှုအားကောင်းပါသည် |
| ၂ | ပြည်သူ့စစ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိပါသည် |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၃ | ဂေါပက | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ |
| ၄ | ဒေသဖွံ့ဖြိုး ရေး | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ |
| ၅ | ကျန်းမာရေး | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၇ | လူငယ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ခ◌ါချဉ်ကွင်း ကျေးရွာသည် ပြင်ပ အဖွဲ့အစည်းအားဖြင့် သမအသင်း၊ UNDP အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာတွင်အုပ်ချုပ် ရေးပိုင်းတွင်ပိုပြီးအားကောင်း၍ ကျေးရွာတွင်း အဖွဲ့အစည်းများသည် ဖွဲ့စည်းထားသော်လည်း စားဝတ်နေရေး မပြေလည်မှုကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အချိန်ပေး ပါဝင်မှု အားနည်းပါသည်။**

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက အထက် | ၅ ဧကမှ ၁၀ဧကအောက် | ၂.၅ ဧက အောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လှေ၊ စက်လှေ | လှေ | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ မွေးမြူရေး | လယ်၊ မွေးမြူရေး | လယ်၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၅** | **၃၀** | **၅၀** | **၆၂** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ခါချဉ်ကွင်းကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၁၄၇)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၃.၄%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၂၀.၄%)မှာ ဝင်ငွေအသင့်အတင့်ရသော မွေးမြူရေးနှင့် လယ်လုပ်ငန်းများကလုပ်ကိုင် အသက် မွေးကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၃၄.၀၁%)မှာ အရောင်းအဝယ်လုပ်ငန်းများနှင့် ကျပန်းဝင်ငွေရ လုပ်ငန်းများ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု (၄၂.၂%) မှာ လယ်ယာမဲ့ များ ဖြစ်ကြပြီး ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာ ကျ ပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။**

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၂ | ၄၂.၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၃၀ | ၂၀.၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၀ | ၁၃.၆ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၃၀ | ၂၀.၄ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၅ | ၃.၄ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၄၇** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ခါချဉ်ကွင်းကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုမှာ(၅၇.၈၂%)သာရှိပြီး မြေယာမဲ့အိမ်ထောင်စု (၄၂.၂%) ရှိပြီး အများစုမှာ နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၀၈ | တင်း | ၃၀ | ၅၀ | ၄၀ | စိုက်ပျိုးရေ ရရှိမှု နည်းပြီး၊ မျိုးကောင်းမျိုးသန့်များ လည်း မရှိပါ။ |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာ ဖြစ်ပါသည်။ သီးထပ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေအခက်အခဲရှိပါသည်။ နွေးစပါးစိုက်ပျိုးမှုမှာ ဆားငန်ရေဝင်ရောက်၍ အခက်အခဲရှိပါသောကြောင့် နွေစပါးစိုက်ပျိုးလို့မရပါ။ စပါးအထွက်နှုန်းမှာ နှစ်စဉ်ပုံမှန် မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ ပျမ်းမျှထွက်နှုန်းမှာ ၁ဧကလျှင်**

**(၄၀)တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက် နှုန်းနည်းခြင်းအားဖြင့်မှာ စိုက်ပျိုးရေး၊ နည်းပညာ လိုအပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့် များရရှိလျှင် ပိုပြီးထွက်နှုန်းကောင်းမွန်လာမည်ဖြစ်ပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | | |
| နို့စားနွား | | |
| ကျွဲ | ၁၀ | ၁၉ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၅၀ | ၈၄ |
| ကြက် | ၂၀ | ၃၈ |
| ဘဲ | ၄၃ | ၁၉၆ |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာသည် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျွဲများကိုတော့ စိုက်ပျိုးထွန်ယက်သည့်နေရာတွင် အသုံးပြုကြပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း | လုပ်ငန်း | ဝန်ထမ်း / | မိသားစု | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ |
|---|---|---|---|---|---|

| | နှင့် ဝန်ဆောင်မှု) | အရေအတွက် | အလုပ်သမား အရေအတွက် | ဝင်လုပ်အား | မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | ၅ | | ၅ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၂ | ၂ | | နိမ့် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများပြားသောကြောင့် အခြားအသက်မွေးလုပ်ငန်းလုပ်ကိုင်သူမှာ အနည်းငယ်သာရှိပါသည်။ ကုန်စုံဆိုင်၊ ဈေးဆိုင်သူ ရောင်းချသူ အနည်းအကျဉ်းရှိပါသည်။ ပညာရေးဝန်ထမ်း(၂)ဦးရှိပြီး နေ့စားအလုပ်သမား(ကျပန်း) များကြပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ရွာ) | လပွတ္တာမြို့ | လပွတ္တာမြို့ |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ■<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ■<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ■<br>စက်လှေ ■ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ■<br>စက်လှေ ■ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာမှ အနီးဆုံးဈေးနှင့် အကြီးဆုံးဈေးမှာ ၁၅မိုင်ဝေး ကွာသော လပွတ္တာမြို့သို့ သွားရောက်ဝယ်ယူရောင်းချရပါသည်။ သယ်ယူပို့ဆောင်သည့် နေရာတွင် လှေနှင့် စက်လှေတို့ဖြင့် အသုံးပြုကြပါသည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ26

| **လမ်း အမျိုးအစား** | **အမျိုး အစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐ ၂ ■ | ကောင်း ☐ | ပွင့်လင်း ရာသီ ■ | ၀–၁ မိုင် ■ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | ၃☐ ၄☐ ၅☐ | သင့် ☐<br>ညံ့ ■ | တစ်နှစ်ပတ်လုံး☐ | ၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☐ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ■ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ■ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ■<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းများဖြစ်၍ အရည်အသွေးအားဖြင့် ညံ့လှပါသည်။ တစ်နှစ်ပတ်လုံး သွားလာရ သည်မှာ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းခင်းပေးမည် ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဖုန်းဆိုးကွင်းကျေးရွာချင်းဆက်လမ်းတွင်လည်း ချောင်းခြားနေပါသဖြင့် အဆိုပါချောင်းအား ယာယီ ဝါးတံတား(၁၃၀ပေ) ဖြင့် ဖြတ်သန်းသွား လာနေရပါသည်။ ၎င်းတံတားအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ကျေးရွာသူ/သားများအတွက် အဆင်ပြေစွာ သွားလာနိုင်ပါမည် ။**

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town<br>အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ■<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ■ |

| သယ်ယူပို့ဆောင်ရေး | Nearest town<br>အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ခါချဉ်ကွင်းကျေးရွာသည် ရေကြောင်းလမ်းကိုသာ အဓိကထားပြီး သယ်ယူပို့ဆောင်ကြပါသည်။ ကျေးရွာ၏ ဘေးပတ်ပတ်လည်တွင် မြစ်၊ ချောင်းများ ဝိုင်းရံထားသောကြောင့် ကုန်းလမ်းပို့ဆောင်ရေး မရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၆ | ၉ | ၁ | | | | | | |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာသည် ရေကြောင်းလမ်း တစ်ခုကိုသာ သယ်ယူပို့ဆောင် ရပါသည်။ ထို့ကြောင့် အဆင်ပြေသောအိမ်ထောင်စုများသည် သွားရေးလာရေး အဆင်ပြေအောင် လှေ(၆)စင်းနှင့် စက်လှေ(၉)စင်းရှိပါသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၂၇ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၂၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆိုလာအသုံးပြုသော အိမ်ထောင်စုနည်းပါသည်။ ဖရောင်ထောင် အသုံးပြုသည့် အိမ်ထောင်များကြပါသည်။ လျှပ်စစ်မီးမရှိပါ။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| **စဉ်** | **ဖုန်း** | **ရေဒီယို** | **တီဗွီ** |
|---|---|---|---|
| **အရေအတွက်** | ၃၁ | ၁၀ | ၁၅ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ခါချဉ်ကွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရေဒီယို၊ တီဗွီ၊ စသည့်တို့မှ ရရှိသည့်အပြင် ဖုန်းများဖြင့်လည်း သင်တင်းအချက်အလက်နှင့် ဗဟုသု တများရရှိပါသည်။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများသောကြောင့် ဖုန်းကိုင်နိုင်မှုမှာ (၂၁.၁%) ခန့်သာရှိပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မူလတန်း | ၃၄ | ၂၅ | ၅၉ |
| အလယ်တန်း | ၂၂ | ၁၂ | ၃၄ |
| အထက်တန်း | ၁ | ၁ | ၂ |
| တက္ကသိုလ်/ကောလိပ် | ၅၇ | ၃၈ | ၉၅ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ကျောင်းသားအင်အားနှင့် ဆရာ/ဆရာမ ဝန်ထမ်းမှာ လောက်လုံ မှုရှိပါသည်။ ကျေးရွာလူဦးရေ၏ ကျောင်းတက်မှုနှုန်းမှာ(၁၇.၂%)ခန့်သာ ရှိပါသည်။ ကျေးရွာကျောင်းတွင် ကျောင်းသားဦးရေသည်ကျား(၄၈)ဦး၊ မ (၃၃)ဦးရှိပြီး ကျေးရွာတွင် မူလွန် အဆင့် (၇)တန်းအထိသာ ရှိပါသည်။ အလယ်တန်းပညာရေးကို ရေကြောင်းလမ်း(၃)မိုင် ဝေးကွာ**

**သောအမတ်ကျေးရွာတွင် သွားရောက် တက်ရပြီး အထက်တန်းပညာရေးကို ရေမိုင်(၇)မိုင်ဝေးသော လပွတ္တာမြို့သို့ သွားရောက်ပညာ သင်ကြားရပါသည်။ တက္က သိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။**

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ■<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂ဝ မိုင် ☐<br>၂ဝ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂ဝ မိုင် ☐<br>၂ဝ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂ဝ မိုင် ☐<br>၂ဝ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ■<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၆ဝ×၂ဝ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့■ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ■ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ■ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်■<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၃ | ၄ | ၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက် ။** ။ခါချဉ်ကွင်းကျေးရွာတွင် မူလွန်အဆင့်သာရှိပြီး လက်ရှိကျောင်းဆောင်မှာ ပေ(၂၀)ခန်း (၃)ခန်းရှိသော ကျောင်းဆောင်(၁)ဆောင်သာ ရှိပါသည်။ ၎င်းကျောင်းဆောင်ကို KGပညာရေးမှ (၇)တန်းပညာရေးထိ သင်ကြားနေရပါသောကြောင့် ကျောင်းသားများမှာ အခက်အခဲများစွာတွေ့ရပါသည်။ လက်ရှိကျောင်းဆောင်မှာလည်း တံခါးလက်များမှာ ပျက်စီးနေပြီး ကျောင်းဆောင်မှာ လည်းတောင့်တင်းခိုင်မာမှုမရှိပါ။ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးမည်ဆိုလျှင်ကျောင်းသား များအတွက် သင်ကြားမှုတွင် ပိုမို အဆင်ပြေနိုင်ပါမည်။

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသော ရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၆ | တီဘီ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့် ■ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ခါချဉ်ကွင်းကျေးရွာသည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ အနည်းငယ်သာ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထို့ကြောင့် ၎င်းကျေးရွာအား ကျန်းမာရေးအသိပညာပေးခြင်းများ တစ်ကိုယ်ရည်ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ယခုထက်ပိုမိုကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်သော ကျေးရွာတစ်ရွာဖြစ်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | Â |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | ှÂ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | Â |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | Â |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှု မှာ အသင့်အတင့်ရရှိသော်လည်း ရေကြောင်း လမ်း(၃)မိုင်ခန့်ဝေးကွာသော အမတ်ကျေးရွာ ဆေးပေး ခန်းသို့ သွားရောက် ကုသရပါသဖြင့် အခက်အခဲရှိပါသည်။ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာ ရောက်ထိုးနှံ ပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက် အတိုင်း အချိန်မှန် ထိုးနှံပေး ပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐ | ရှိ ☐<br>မရှိ ■ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက် ☐ | |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ■<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ကာလပေါ်၊ ရာသီပေါ် ရောဂါများ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အမတ်ကျေးရွာသို့ (၃)မိုင် အကွာတွင် သွားရောက်ကု သရပါသည်။ အရေးပေါ်အခြေအနေတွင် ပြည်သူ့ဆေးရုံဖြစ်သော လပွတ္တာ(၃)မိုင်မြို့သို့ သွားရောက်ကုသရပါသည်။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့် ☐ ညံ့☐ | |
| အဝီစိတွင်း/ စက်တပ် | | ကောင်း☐ သင့် ☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | ၁၄၇ | ကောင်း☐ သင့်■ ညံ့☐ | မိုး၊ ဆောင်း |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေသားရေကန်(၄)ကန်သာရှိပြီး (၁)ကန်မှာ ကောနေသောကြောင့် အသုံးပြု၍မရပါ။ ကျန်(၃)ကန်ကိုသာ အဓိကထားသုံးနေကြပါသည်။ ကျေးရွာစာသင် ကျောင်းတွင်လည်း ကျောင်းသားများသောက်သုံးရန် ပညာရေးဌာနမှ ဆောင်ရွက်ပေးထားသော မိုးရေလှောင်ကန် (၁)ကန်ရှိပါသည်။ နွေရာသီတွင်ရေလုံလောက်မှုမရှိပါ။**

## (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၂၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၂၁ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စု(၁၄၇)ရှိပြီး သန့်ရှင်းသောအိမ်သာသုံးအိမ်ထောင်စု စုစုပေါင်း(၁၂၆)လုံးရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုမှာ(၂၁)အိမ်ရှိပြီး မိမိတို့နှင့်နီး စပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။ ယင်လုံအိမ်သာဆိုသော်များလည်း အိမ်သာများမှ သန့်ရှင်းမှုနည်းပါးပါသည် အိမ်သာနှင့် ပတ်သောကျန်းမာရေးဗဟုသုတနည်းပါးကြပါသည်။**

## (၈) ဘေးအန္တရာယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေ မရရှိနိုင်ခြင်း |
| ၃ | ရေကြီးခြင်း | မိုးကြီးခြင်း |
| ၄ | မိုးခေါင်ခြင်း | အချိန်အခါမှီ မိုးမရွာခြင်း |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မိုးရာသီတွင် လေပြင်းမုန်တိုင်းများ မကြာခဏတိုက်ခတ်ခြင်း |
| ၇ | လျှော် | မရှိသလောက် နည်းပါးပါသည်။ |
| ၈ | မီးဘေး | မရှိသလောက် နည်းပါးပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | နွေစပါး စိုက်ပျိုး၍ မရရှိနိုင်ခြင်း |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြစ်ရေတိုက်စားမှုကြောင့် မြေဆီလွှာပျက်စီးနိုင်ပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | အနည်းငယ် |
| ၁၃ | တီဘီရောဂါ | အနည်းငယ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ် |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | ရေကြောင်းလမ်းသာအသုံးပြုလိုရပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် ဝမ်းစာမဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေး ထိခိုက်မှုမှာ အချိန်အတော်မိုးရွာခြင်း ရာသီဥတုဖောက် ပြန်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာ၍ စိုက်ခင်းများ ရေကြီးရေလျှံဖြစ်ခြင်းမှာ ဖြစ်ပေါ် ပါသည်။ မြစ်ရေတိုက်စားမှုကြောင့် မြေဆီလွှာပျက်ဆီးရပါသည်။ နွေစပါးစိုက်ပျိုး၍မရပါ ဆားငန်ရေဝင် ရောက်ခြင်း ကြောင့် ဖြစ်ပါသည်။**

### (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | မြင့် | ရေတိုက်စား၍ မြေဆီလွှာပျက်ဆီးနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | အနည်းငယ် |
| ရေအရင်းအမြစ် | မြင့် | စိုက်ပျိုးရေရှိရန် ခက်ခဲပါသည်။ |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရာတွင် တောင်သူလယ်သမားများမှာ မြေသြဇာများ နည်းစနစ်တကျအသုံးပြုမှု အားနည်းခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးများသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်း၊ ပျက်ယွင်းခြင်းများဖြစ်လေ့ရှိပြီး မြစ်ဘေးကျေးရွာဖြစ်သောကြောင့် မြစ်ရေတိုက်စားသည့်အခါ မြေဆီလွှာပျက်ဆီးရပါသည်။ စပါးစိုက်ပျိုးချိန်တွင် ပိုးမွှားကျရောက်မှု များရှိနေပါသည်။ စိုက်ပျိုးနည်းပညာဟောပြောရေး၊ လက်တွေ့သင်တန်း များဖွင့် လုစ်ပြီးစနစ်ကျ သော စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးပါက သီးနှံအထွက် တိုးလာမည်ဖြစ်ပါသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဥ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ■ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ■ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။**